ဥယျာဉ်ကုန်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ဥယျာဉ်ကုန်းကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

| | | |
|---|---|---|
| မာတိကာ | | ၂ |
| စကားချီး | | ၆-၇ |
| ဥယျာဉ်ကုန်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသ်ာတမြို့နယ် | | ၈ |
| ဥယျာဉ်ကုန်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟသ်ာတမြို့နယ် | | ၉ |
| ဥယျာဉ်ကုန်းကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟသ်ာတမြို့နယ် | | ၁၀ |
| **အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** | | **၁၁** |
| (၁) | နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု | ၁၁ |
| | (က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက် | ၁၁-၁၂ |
| | ( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု | ၁၂-၁၃ |
| (၂) | ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ | ၁၃ |
| | (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား | ၁၃ |
| | ( ခ) သဘာဝအရင်းအမြစ်များ | ၁၄ |
| (၃) | ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ | ၁၄ |
| | (က) လူဦးရေဆိုင်ရာ အချက်အလက်များ | ၁၄ |
| | ( ခ) စီးပွားရေးအခြေအနေ- ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့် မမျှတမှု | ၁၄-၁၅ |
| | (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ | ၁၅ |
| | (ဃ) ကျန်းမာရေးနှင့် အာဟာရ | ၁၅ |
| | ( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ | ၁၅-၁၆ |
| | ( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု | ၁၆ |
| (၄) | ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ | ၁၆ |
| | (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ် | ၁၆ |
| | ( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ | ၁၆-၁၇ |
| | (ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ | ၁၇ |
| | (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု | ၁၇ |
| | (င) ဘဏ္ဍာနှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု | ၁၇-၁၈ |
| | (စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး | ၁၈ |
| | (ဆ) လူငယ်နှင့်ယဉ်ကျေးမှု | ၁၈-၁၉ |

(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊
သတင်းနှင့်ဆက်သွယ်ရေး ၁၉
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး ၁၉
(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၉
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ ၁၉–၂၁
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊ ၂၁–၂၂
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၂–၂၄
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၄–၂၆
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၆
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ၂၆–၂၇
( ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း ၂၇
(ဂ) ဦးစားပေးစီမံချက်များ ၂၈–၃၀
(ဃ)အကောင်အထည်ဖော်မည့်အချိန်ကာလ ၃၁
(၉) ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၃၁–၃၂
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် ၃၃
အစီအစဉ်များ
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ ၃၃
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ ၃၃
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ ၃၃–၃၄
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် ၃၄
အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၄–၃၅
(က)ကြီးကြပ်စစ်ဆေးခြင်း ၃၅–၃၆
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း ၃၆
(ဂ) နည်းပညာဆိုင်ရာ အကူအညီ ၃၆

| | | |
|---|---|---|
| နောက်ဆက်တွဲ(၁) ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြုဇယား | | ၃၇-၃၈ |
| နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း | | ၃၉ |
| နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ | | ၄၀ |
| ဇယား ၁ | လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ | ၄၀-၄၁ |
| ဇယား ၂ | လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား | ၄၁-၄၆ |
| ဇယား ၃ | လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား | ၄၆-၄၇ |
| ဇယား ၄ | ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု | ၄၇-၄၈ |
| ဇယား ၅ | ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ | ၄၈-၄၉ |
| ဇယား ၆ | ဥစ္စာဓနအဆင့်အခြေအနေ | ၄၉-၅၀ |
| ဇယား ၇ | ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ | ၅၀-၅၁ |
| ဇယား ၈ | ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ | ၅၁ |
| ဇယား ၉ | ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ | ၅၂-၅၃ |
| ဇယား ၁၀ | ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ | ၅၄-၅၅ |
| ဇယား ၁၁ | ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ | ၅၅-၅၇ |
| ဇယား ၁၂ | ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ | ၅၇-၅၈ |
| ဇယား ၁၃ | ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု | ၅၈-၅၉ |
| ဇယား ၁၄ | ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ | ၅၉-၆၀ |
| ဇယား ၁၅ | အဓိကသီးနှံများနှင့်အထွက်နှုန်း | ၆၁ |
| ဇယား ၁၆ | ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု | ၆၂ |
| ဇယား ၁၇ | သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ | ၆၃ |
| ဇယား ၁၈ | သီးနှံထုတ်လုပ်မှုအတွက်ပြသာနာနှင့်အခက်အခဲများ | ၆၄-၆၅ |
| ဇယား ၁၉ | မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ | ၆၅-၆၆ |
| ဇယား ၂၀ | မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ | ၆၇-၆၈ |
| ဇယား ၂၁ | မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ | ၆၈-၇၀ |
| ဇယား ၂၂ | စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ | ၇၁ |
| ဇယား ၂၃ | စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ | ၇၂- ၇၃ |

| | | |
|---|---|---|
| ဇယား ၂၄ | ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ | ၇၃-၇၄ |
| ဇယား ၂၅ | ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း | ၇၄ |
| ဇယား ၂၆ | ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ | ၇၅ |
| ဇယား ၂၇ | ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ | ၇၅-၇၆ |
| ဇယား ၂၈ | ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း | ၇၆-၇၈ |
| ဇယား ၂၉ | ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့် အခက်အခဲများ | ၇၈ |
| ဇယား ၃၀ | မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း | ၇၉ |
| ဇယား ၃၁ | ကျောင်းတတ်နှုန်း | ၈၀ |
| ဇယား ၃၂ | စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ | ၈၀-၈၁ |
| ဇယား ၃၃ | ပညာရေးအခက်အခဲနှင့်ပြဿနာများ | ၈၁ |
| ဇယား ၃၄ | အဖြစ်များသောရောဂါများ | ၈၂ |
| ဇယား ၃၅ | လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု | ၈၃ |
| ဇယား ၃၆ | ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ | ၈၄ |
| ဇယား ၃၇ | သောက်သုံးရေရရှိမှု | ၈၅-၈၆ |
| ဇယား ၃၈ | အိမ်သာအမျိုးအစား | ၈၆ |
| ဇယား ၃၉ | ကျား/မ ရေးရာ | ၈၇-၈၈ |
| ဇယား ၄၀ | ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ | ၈၈-၈၉ |
| ဇယား ၄၁ | ကျေးရွာ၏တံတားတည်ရှိမှု | ၈၉-၉၀ |
| ဇယား ၄၂ | ရေကြောင်းသယ်ယူပို့ဆောင်ရေး | ၉၀-၉၁ |
| ဇယား ၄၃ | သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ | ၉၁ |
| ဇယား ၄၄ | လျှပ်စစ်မီးရရှိမှုအခြေအနေများ | ၉၁-၉၂ |
| ဇယား ၄၅ | ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ | ၉၂ |
| ဇယား ၄၆ | ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ | ၉၂-၉၃ |
| ဇယား ၄၇ | ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု | ၉၃ |
| ဇယား ၄၈ | မှုခင်းဖြစ်ပွားမှုအခြေအနေ | ၉၄ |
| ကိုးကားစာရင်း | | ၉၅ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ဥယျာဉ်ကုန်းကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်

များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ဥယျာဉ်ကုန်းကျေးရွာ

ဟသ်ာတမြို့နယ်

## ဇရပ်ကွင်းကျေးရွာအုပ်စု၊ ဥယျာဉ်ကုန်းကျေးရွာ လမ်း တည်နေရာပြမြေပုံ



# ဥယျာဉ်ကုန်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မရှိ | ထွန်စက်ခွဲ | စပါးကျဲ | ဓါတ်မြေဩဇာ | ဆေးဖျန်း | စပါးရိတ် | စပါးရိတ် | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | - | သီးနှံရိတ် | သီးနှံရိတ် |
| ၃ | အသုံးစရိတ် | နည်း | များ | များ | အလွန်များ | များ | နည်း | များ | များ | များ | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | များ | များ | များ | များ | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | နည်း | နည်း | နည်း | နည်း | များ | များ | များ |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | လှေပြိုင်ပွဲ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | ထမင်းနဲ့ပွဲ | ပဌာန်းပွဲ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဟသ်ာတမြို့နယ်၊ ဇရပ်ကွင်းကျေးရွာအုပ်စု၊ ဥယျာဉ်ကုန်းကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက်အသုံးဝင်မှုများအနေဖြင့်

ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေး စားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင်တတ်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများ ချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတ ခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့ တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက် ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥ တုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈°C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇°C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

ဥယျာဉ်ကုန်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ ဇရပ်ကွင်းကျေးရွာအုပ်စု တွင် ပါဝင်ပါသည်။ ဟသ်ာတမြို့နယ်နှင့်(၁၆)မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ဇရပ်ကွင်း ကျေးရွာ၊ မိုးကောင်းကျေးရွာ၊ အနောက်စုကျေးရွာ၊ အလယ်စုကျေးရွာနှင့် တလုပ္ပင်ချောင်ကျေးရွာတို့ဖြစ်ပါသည်။ ဥယျာဉ်ကုန်းကျေးရွာသည် လယ်ယာလုပ်ငန်းကို အဓိကလုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ အခြား လုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။

## (ခ) သဘာဝအရင်းအမြစ်များ

ဥယျာဉ်ကုန်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် လောက်သေပင်၊ ဆင်တုံးမနွယ်ပင်၊ ကုန်းဗေဒါနှင့် ကုလားပင်စိမ်းစသည်တို့ ပေါက်ရောက်သည့်ဒေသ တစ်ခုလည်းဖြစ်ပါသည်။ လယ်ယာမြေများ အသင့်အတင့်ရှိကာ ဥယျာဉ်ခြံမြေနှင့် စားကျက်မြေများရှိပြီး မြေဆီလွှာအသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာ မိုးရေကို အဓိက ထားပြီးစိုက်ပျိုး၍ မလုံလောက်ပါက ကိုယ်ပိုင်အဝီစိတွင်းများဖြင့်သာ အသုံးပြုကြပါသည်။ ဥယျာဉ်ကုန်းကျေးရွာ၌ တောင်သူအားလုံးမှာ မိုးရာသီတွင် စပါးစိုက်ပျိုးပြီး ဆောင်းရာသီတွင် မတ်ပဲစိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ရာသီစုံသီးနှံများကို စိုက်ပျိုးကြပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

ဥယျာဉ်ကုန်းကျေးရွာတွင် အိမ်ထောင်စု(၇၀)စုရှိပြီး လူဦးရေစုစုပေါင်း(၂၅၃)ဦးရှိပါသည်။ ပျှမ်းမျှ တစ်အိမ်ထောင်လျှင် (၃.၆)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ်ထောင်လျှင် (၄)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက်(၁၅ နှစ်မှ ၆၄ နှစ်)အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၉၂%)ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း(၈%)ခန့်သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

### (ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၂၂%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၃)စုရှိပြီး လယ်(၁၂)ကေအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း သွပ်မိုး၊ ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများနှင့် နွားစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ်အိမ်ထောင်စုများမှာ (၁၁)စုရှိပြီး လယ်(၅)ကေကြား ပိုင်ဆိုင်ကြကာ ပျဉ်ခင်း၊ ထရံကာ၊သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများ အနည်းငယ်နှင့် ကြက်၊ဘဲ၊ဝက်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ် ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု(၂၅)စုရှိပြီး လယ်(၂.၅-၅)ကေကြား ပိုင်ဆိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများ ပိုင်ဆိုင်မှု နည်းပါးပြီး အိမ်အခြေအနေမှာ ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။

အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၃၁)အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ ကျေးရွာ အိမ်ထောင်စု၏ (၄၄%)ခန့် မှာ ကျပန်းလုပ်ကိုင်ကြသူများ ဖြစ်ကြပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဥယျာဉ်ကုန်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၅၆)စုရှိသည့်အနက် (၂၇)ရာခိုင်နှုန်းမှာ (၃)လ အောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၆)ရာခိုင်နှုန်းမှာ(၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင် ပါသည်။(၂)ရာခိုင်နှုန်းမှာ (၆-၁၂)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင် ပါသည်။ ၄င်းတို့သည် လုပ်အားခ ကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင် များထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီး မဖူလုံသော ဆင်းရဲ သောတောင်သူများအဖို့ ထိခိုက်မှုများရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့ လာလျှင် ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စု (၄၅%)ခန့်မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

### (ဃ)ကျန်းမာရေးနှင့်အာဟာရ

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက ကျေးရွာနှင့် (၃)မိုင်ကွာဝေးသော တလုတ္တော်မြို့နယ်ရှိ ကျန်းမာရေးဌာနခွဲတွင် သွားရောက်ပြသနိုင်ပါသည်။အရေးပေါ်ကိစ္စရပ်များအတွက် ကျေးရွာနှင့် (၁၆)မိုင် ကွာဝေးသော ဟသ်ာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံ သို့ သွားရောက်ပြသကြပါသည်။ ကျေးရွာတွင် ရေတွင်း(၁)တွင်း၊ အဝီစိတွင်း(စက်တပ်) (၂၃)တွင်း၊ အဝီစိတွင်း (တုံကင်) (၂၄)တွင်းရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှု ပါသည်။ သွေးလွန်တုတ်ကွေးရောဂါမှာ ယခုနှစ် ပိုင်းတွင် ဖြစ်ပွားမှုလျော့နည်းလာပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေး အသိအမြင် များရှိကြသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ဥယျာဉ်ကုန်း ကျေးရွာတွင် မူလတန်းစာသင်ကျောင်းမရှိ၍ ရွာနှင့်ကိုက်(၅၀၀) ကွာဝေးသော အထက(ခွဲ) ကြက်ပြေးရွာသို့ သွားရောက်တက်ရောက်ကြပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများတွင် ဘွဲ့ရသူဦးရေ အသင့်အတင့်ရှိပါသည်။

ကျေးရွာရှိ လယ်မြေများတွင် အဓိကထားစိုက်ပျိုးသောသီးနှံများမှာ စပါး၊ ပဲတို့ဖြစ်ပြီး မိုးရာသီနှင့် နွေ ရာသီ နှစ်သီးစားစိုက်ပျိုးကြပါသည်။ နွား၊ဝက်၊ကြက်၊ဘဲ မွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။

စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ခြင်းမရှိသောအိမ်ထောင်စုများအနေဖြင့် ပန်းရံ၊လက်သမား၊ ဈေးရောင်းအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော အစိုးရဝန်ထမ်းများရှိသည့် အိမ်ထောင်စုများလည်း အသင့် အတင့်ရှိပါသည်။

**(စ) ကျားမဆိုင်ရာဆက်နွယ်မှု**

ဥယျာဉ်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် များပါသည်။ ကောက်စိုက်ချိန်နှင့် ကွမ်းခူးချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်မှ (၄၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်မှ (၃၀၀၀)ကျပ်ခန့်ရရှိကြပါသည်။ အခြားလုပ်ငန်းများတွင်လည်း အမျိုးသား/ အမျိုးသမီးလုပ်အားခများ နှုန်းထားများ ကွာခြားမှုရှိပါသည်။ ကျေးရွာ၏စာတတ်မြောက်မှုတွင်လည်း မူလတန်းနှင့် တက္ကသိုလ်အဆင့်ပညာ ရေးတွင် အမျိုးသမီးလူဦးရေမှာ များပြီး အလယ်တန်း၊ အထက်တန်း အဆင့်ပညာရေးတွင် အမျိုးသားလူဦးရေမှာ များပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက် နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များ တွင် အမျိုးသမီးများ၏အခန်း ကဏ္ဍမှာ အားနည်းနေဆဲဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက် အကူပြုနိုင်ပါသည်။

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပရဟိတအဖွဲ့နှင့်အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏သာရေးနာ ရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင် ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော ဦးစား ပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်ပါ သည်။

**(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာရှိ လယ်သမားများသည် စပါး၊ ပဲသီးနှံများကို အဓိကစိုက်ပျိုးကြပြီး စိုက်ဧက (၁၄၁.၆၃)ဧက စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် အစေ့ချစနစ်တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာ

ဖွံ့ဖြိုးရေးဘဏ်မှပံ့ပိုးသောချေးငွေမှာ မြေပြင်စရိတ်နှင့်စိုက်ပျိုးစရိတ်ကိုသာ အထောက်အကူပြုပါသည်။ ဓာတ်မြေဩဇာ၊အစာဖိုးနှင့် ရိတ်သိမ်း၊ခူးခြွေခြင်းတို့အတွက် ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေဩဇာအရောင်းဆိုင်များမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။

ဥယျာဉ်ကုန်းကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ ဘဲများကို မွေးမြူကြပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဥယျာဉ်ကုန်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်သူများမှာ ပန်းရံ၊လက်သမား၊ စျေးရောင်းအစရှိသည့်လုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ ရွှေ့ပြောင်းလုပ်သားအသင့်အတင့်ရှိပြီး အစိုးရဌာနများတွင် ဝင်ရောက်အမှုထမ်းနေသော ပညာရေးဝန်ထမ်းများ လည်းရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် ပဲစိုက်ခင်းများ၌ ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေဩဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေး ကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ် တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဥယျာဉ်ကုန်းကျေးရွာသည် မုန်တိုင်းဘေးအန္တရာယ်မှာ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတက်သည်။ ဧရာဝတီမြစ်ရေကာတာအပြင်ဘက်တွင်တည်ရှိသောကြောင့် မိုးရာသီတွင် မြစ်ရေကြီးအန္တရာယ်ကို ကြုံတွေ့ရလေ့ရှိပါသည်။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့် ကွာဝေးသည့်အတွက် ဒေသလုံခြုံရေးအား ကျေးရွာအုပ်စု ရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

### (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် သမဝါယမဦးစီးဌာနတို့ ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာ ထုတ်ချေးပြီး တစ်ဧကလျှင် (၁၅၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှာသဖြင့် အခက်အခဲဖြစ်ရပါသည်။ အများဆုံးထုတ်ချေးငွေမှာ (၁၈၀၀၀၀)ကျပ်ဖြစ်ပါသည်။ အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး ဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ (၇)လဖြစ်သည်။ လယ်သမားများအနေဖြင့်

လုံလောက်သောချေးငွေပမာဏအား နှစ်ရှည်(အနည်းဆုံး ၃နှစ်) ထုတ်ချေးမည်ဆိုပါက ပိုမိုအကျိုးရှိစွာ အသုံးချနိုင်မည်ဖြစ်ပါသည်။

ပက်မြန်မာငွေကြေးဝန်ဆောင်မှုအဖွဲ့များအနေဖြင့် ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၄)နှစ်ခန့်ရှိပါသည်။ စိုက်ပျိုးရေးနှင့် ကျဘမ်းဟူ၍ ငွေထုတ်ချေးသည့် ပုံစံ(၂)မျိုး ရှိပါသည်။ အတိုးနှုန်းမတူပါ။ငွေပမာဏမှာ တစ်ဦးလျှင် ပထမအကြိမ်တွင် (၁၀၀၀၀၀)ကျပ် ထုတ်ချေးနိုင်ပါသည်။

ပတ်မြန်မာဖူလတန် ငွေကြေးဝန်ဆောင်မှုအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည်မှာ (၄)နှစ်ခန့်ရှိပြီဖြစ်ပါသည်။ စိုက်ပျိုးရေးချေးငွေမှာ ပထမနှစ်တွင်(၂၀၀၀၀၀)ကျပ်ရရှိပြီး ရိုးရိုးချေးငွေမှာ (၈၀၀၀၀) ကျပ်ဖြစ်သည်။ စိုက်ပျိုးရေးချေးငွေရရှိရန် ပုံစံ(၇) လိုအပ်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပြန်လည်ပေး ဆပ်သည့်ပုံစံမှာ (နှစ်ပတ်လျှင်တစ်ကြိမ်)ပြန်လည်ပေးဆပ်ရခြင်း၊ ပုံမှန်ဝင်ငွေရလုပ်ငန်းများ မရှိခြင်း၊ ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်ရန် အသက်မွေးဝမ်းကျောင်း ပညာများမရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ဥယျာဉ်ကုန်းကျေးရွာတွင် စာသင်ကျောင်းများမရှိသဖြင့် မူလတန်း၊အလယ်တန်းနှင့် အထက်တန်း ကျောင်းကို ကျေးရွာနှင့် ကိုက်(၅၀၀)ကွာဝေးသော အထကခွဲကြက်ပြေးအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပညာသင်ကြားကြရပါသည်။ အောင်ချက်ကောင်းမွန်လာစေရန် ကျောင်းသား/သူများအား တိုက်တွန်း အားပေးရန်နှင့် စာကျက်ဝိုင်းများ ပြုလုပ်ပေးရန်အတွက် မိဘများမှ ဝိုင်းဝန်းဆောင်ရွက်ရန်မှာ အရေးပါလှပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက (၃)မိုင်ခန့်ကွာဝေးသော တလုတ္တော်မြို့နယ်ဆေးရုံသို့ အဓိကထား၍ သွားရောက်ပြသပါသည်။ တိုက်နယ်ဆေးရုံမှာ ကျေးရွာနှင့် (၂)မိုင်ခန့် ကွာဝေးပါသည်။ မြို့နယ်ဆေးရုံမှာ ကျေးရွာနှင့် (၉)မိုင်ခန့် ကွာဝေးပါသည်။ အသေးစားကျန်းမာရေးဆိုင်သော ကိစ္စရပ်များကို ကျေးရွာအတွင်းရှိ ကုန်စုံဆိုင်များတွင် ရရှိနိုင်ပြီး အကြီးစားကျန်းမာရေးနှင့်ဆိုင်သောကိစ္စရပ်များကို ဟင်္သာတမြို့ပေါ်ရှိ ပြည်သူ့ဆေးရုံသို့ သွားရောက်ပြသ ကြပါသည်။ ကျေးရွာအတွင်း ရေတွင်း(၁)တွင်း၊ လက်နှိပ်တုံကင်တွင်း (၂၄)တွင်း၊ အဝီစိတွင်း စက်တပ်(၂၃)တွင်း ရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိပါသည်။ရေလုံလောက်သော်လည်း ရေဝါမှုများရှိပါသည်။ ယင်လုံ အိမ်သာသုံးစွဲသော အိမ်ထောင်စု မှာ(၇၀) အိမ်ရှိပြီး ကျန်းမာရေးအသိအမြင်များကြောင့် အိမ်တိုင်းစေ့ သုံးစွဲလျှက် ရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များတွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်ကြပါသည်။ ပရဟိတအဖွဲ့နှင့် နာရေးကူညီမှုအဖွဲ့လည်းရှိပါသည်။ လူငယ်များမှာ ကျေးရွာ၏

သာရေးနာရေးများတွင် အားတက်သရောပါဝင်ကြသော်လည်း ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ဦးဆောင်ပါဝင်မှုနည်းပါးပါသည်။

**(ဈ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

ဥယျာဉ်ကုန်းကျေးရွာတွင် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ စက်ဘီး(၈)စီး၊ ဆိုင်ကယ်(၂၄)စီး၊ ထော်လာဂျီ(၄)စီးနှင့် နွားလှည်း(၆)စီး တို့ကို အသုံးပြု၍ သွားလာကြပါသည်။ ကျေးရွာလမ်းမှာ မြေသားလမ်းဖြစ်ပြီး ပွင့်လင်းရာသီတွင် သွားလာရလွယ်ကူပြီး မိုးတွင်းကာလတွင် ရွှံ့နွံများဖြင့် သွားလာရန်ခက်ခဲပါသည်။

ဥယျာဉ်ကုန်းကျေးရွာသည် ဆိုလာမီးကိုအဓိကထား၍ သုံးစွဲကြပါသည်။ကျေးရွာတွင် မဟာဓာတ်အားလိုင်းမှ လျှပ်စစ်မီးအသုံးပြုသူ(၅)စုနှင့် ဆိုလာမီးကို အသုံးပြုသူအိမ်ထောင်စု (၁၅)အိမ်ခန့် အသုံးပြုနေကြပါသည်။ ဆိုလာမီး အသုံးမပြုနိုင်သော အိမ်ထောင်စုများမှာ ဘက်ထရီမီး၊ ဖယောင်းတိုင်မီးတို့ကို အသုံးပြုကြပါသည်။ ဓာတ်အားလိုင်း မသွယ်တန်းရသေးသော နေရာများအား ဆက်လက်သွယ်တန်းရန် အစီအစဉ်ရှိပါသည်။ ကျေးရွာတွင် Oredoo၊ MPT၊Telenor ဆက်သွယ်ရေးဖုန်းလိုင်းများကို အများဆုံးဆက်သွယ်အသုံးပြုနိုင်ပါသည်။

**(ည) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာ နေထိုင်တက်သော ဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အခြားအမှုအခင်းဖြစ်ပွားခြင်း မရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝရေမြေရာသီဥတုအနေအထားနှင့် စိုက်ပျိုးမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ စိုက်ပျိုးရေ အသင့်အတင့်လုံလောက်ခြင်း၊ ချေးငွေအသင့်အတင့်ရရှိနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ ရနိုင်ခြင်း၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူ

ဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန်ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား အသင့်အတင့်ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ မွေးမြူရန် ရေအလုံအလောက်ရရှိနိုင်ခြင်း၊ တိရိစ္ဆာန်မျိုးကောင်းမျိုးသန့်များ အသင့်အတင့် ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သောသွင်းအားစုများကို ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူထားသော ထုတ်ကုန်များ ရောင်းချရန်ဈေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာနှင့် ကိုက်(၅၀၀)အကွာတွင် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ရှိခြင်းတို့ ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ မိမိတို့ကျေးရွာ၏ (၁)မိုင်ခန့်တွင် ကျေးလက်ဆေးပေးခန်းရှိခြင်း၊ (၃)မိုင်ခန့်ကွာဝေးသော နေရာတွင် တလုတ္တော်မြို့နယ်ဆေးပေးခန်းရှိခြင်း၊ မြို့နယ် ဆေးရုံနှင့် (၁၆)မိုင်သာ ကွာဝေးခြင်းတို့ဖြစ်ပါသည်။

ဥယျာဉ်ကုန်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၁၇၁)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၆၉%) ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေအသင့်အတင့်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီးလူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

ဥယျာဉ်ကုန်းကျေးရွာတွင် မိုးစပါး၊ နွေစပါးနှင့် မတ်ပဲသီးနှံများကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် သီးနှံဈေးနှုန်းမကောင်းသောကြောင့် မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိသော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါးအခြေခံ ရောင်းဝယ်၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့်စားနပ် ရိက္ခာကို အတန်အသင့်ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့နှင့် (၁၀၃)မိုင်အတွင်းသာ ကွာဝေးသည်ဖြစ်၍ ကျေးရွာရှိ ထုတ်ကုန်၊ ထွက်ကုန်သီးနှံများအား ဈေးကွက်သို့ အမြန်ဆုံးတင်ပို့ ရောင်းချနိုင်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ ထုတ်ချေးသောချေးငွေကိုထုတ်ယူနိုင်ခြင်း၊ သမဝါယမချေးငွေနှင့် လက်လုမ်းမီခြင်းနှင့် ပက်မြန်မာ၊ ဖူလတန် စသည့် ချေးငွေအဖွဲ့အစည်းများထံမှ ချေးငွေရရှိနိုင်သည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်း လုပ်ငန်း များအတွက် သင့်တော်သောရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

ဥယျာဉ်ကုန်းကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား/သူများအတွက် သင့်တော် လုံလောက်မှုရှိသည့်အပြင် မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက် နိုင်သောကြောင့် မူလတန်း၊အလယ်တန်း၊အထက်တန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများ ဖြစ်ပြီး ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတက်လူငယ်များ ပေါ်ထွန်းလာမည်ဖြစ်ပါသည်။

ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနရှိခြင်း၊ တိုက်နယ်ဆေးရုံသို့ (၂)မိုင်သာ ကွာဝေးခြင်း၊ ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၉)မိုင်ခန့်သာကွာဝေးသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြပြီး ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် လူကြီးလူမများ၏ ဆုံးမမှုများကြောင့် မူခင်းများဖြစ်ပွားမှု မရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်း တစ်ရပ်ဖြစ်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

ဥယျာဉ်ကုန်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှ လွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

### (၁) စိုက်ပျိုးရေး

သီးနှံအထွက်တိုးနည်းပညာများကို စနစ်တကျသိရှိမှုမရှိခြင်း၊ လိုအပ်သော သွင်းအားစု များကို အချိန်မီထည့်သွင်းနိုင်မှု မရှိနိုင်ခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ် ဖြစ်ထွန်းလာစေရန် များစွာအချိန် ယူရအုံးမည်ဖြစ်ပါသည်။ ရိတ်သိမ်းခြွေလှေ့စက်များ ငှားရမ်းအသုံးပြုလိုသော်လည်း လယ်ကွက်များ၏ အကျယ်အဝန်းမှာ ကျဉ်းမြောင်းခြင်း၊ ရိုးချောင်းများပေါများ၍ စက်ရွှေ့ရာတွင် အချိန်ကြန့်ကြာမှုရှိခြင်း စသည်တို့ကြောင့် မိမိတို့ကျေးရွာနှင့် သင့်တော်မည့်စက်အား ငှားရမ်းရန် ခက်ခဲနိုင်ပါသည်။

### (၂) မွေးမြူရေး

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ လုံလောက်သော အရင်းအနှီးမရှိခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြှင့်နေခြင်း၊ လမ်းပန်းဆက်သွယ်ရေး

အခက်အခဲများရှိခြင်း၊ မွေးမြူထားသော ထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ ဖြစ်ပါသည်။

**(၃) ပညာရေး**

ပညာရေးအတွက် အခက်အခဲမှာ မိမိတို့ကျေးရွာရှိ အထက်တန်းကျောင်းတွင် အားကစားကွင်း မရှိခြင်း၊ စာသင်ကျောင်းသို့ သွားရာလမ်းမှာ မိုးရာသီတွင် လမ်းမကောင်းခြင်း၊ တက္ကသိုလ်ပညာရေး အတွက် ဆင်းရဲသောမိသားစုများမှာ ကျောင်းစရိတ်အား မတတ်နိုင်ခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

ဥယျာဉ်ကုန်းကျေးရွာအနေဖြင့် ကျေးရွာအတွင်း တိုက်နယ်ဆေးရုံမရှိသောကြောင့် မိုးရာသီ အရေးပေါ်လူနာများအတွက် အခက်အခဲရှိခြင်း၊ တိုက်နယ်ဆေးရုံသည် ကျေးရွာနှင့် (၃)မိုင်ခန့် ကွာဝေးပြီး ဆေးဝါးများပြည့်စုံလုံလောက်မှုမရှိခြင်းနှင့် ကျန်းမာရေးဝန်ထမ်းအနည်းငယ်သာ ရှိခြင်း တို့ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတက်မြောက်မှုအားနည်းခြင်း၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ် များရှိခြင်း စသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

ဥယျာဉ်ကုန်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမအသင်းအဖွဲ့၊ ဖူလတန်၊ ပတ်မြန်မာ ချေးငွေဝန် ဆောင်မှုအဖွဲ့များမှ ချေးငွေများ ရရှိသော်လည်း တင်းကြပ်သော ချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလ တိုတောင်းခြင်းများသည် စိုက်ပျိုးရေးလုပ်ငန်းအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများ ဖြစ်နေဆဲဖြစ်ပါ သည်။

ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက် မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့ အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက် နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ ဥယျာဉ်ကုန်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ

ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာများကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

**(က) ရည်မှန်းချက်ပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူ၊ကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦးချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၁ခုနှစ်မှ၂၀၂၅ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက်ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက်လုပ်ကိုင်နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်းပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရှာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

**(ခ) နည်းဗျူဟာ**

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက်ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကိုသက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၂) ကျေးရွာရှိ မိရိုးဖလာစိုက်ပျိုးနည်းများကိုသာ အသုံးပြုနေသောတောင်သူများ၏ ဝင်ငွေတိုးတက်လာစေရန်အတွက်အထွက်နှုန်းနှင့် အရည်အသွေးကောင်းပြီး ဈေးကွက်အတွင်း လူကြိုက်များသော သီးနှံမျိုးများကိုသာ ဦးစားပေးစိုက်ပျိုး ထုတ်လုပ်ရန်နှင့် စိုက်ပျိုးရေး

နည်းပညာများ၊ ပိုးမွှားရောဂါကာကွယ်ရေးနည်း လမ်းများအတွက် လိုအပ်ချက်များကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ချိတ်ဆက်လုပ်ဆောင်ရန်လိုအပ်ပါသည်။

(၃) ကျေးရွာအတွင်းရှိလူငယ်များ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန်အတွက် ဒေသအတွင်း စက်ရုံအလုပ်ရုံများ တိုးတက်များပြားလာစေရန် ဖိတ်ခေါ်ရန်၊ အသက်မွေးဝမ်းကျောင်းနည်းပညာသင်တန်းများအတွက် ချိတ်ဆက်ဆောင်ရွက်ပေးရန်၊ ဈေးကွက်ထိုးဖောက်မည့် အကျိုးတူအုပ်စုဖွဲ့စည်းခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော်ရန်၊ ဒေသထွက်ကုန်များဈေးနှုန်းပိုမိုရရှိရန် ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်သောနည်းပညာများရရှိရန်နှင့် ချေးငွေလက်လှမ်းမီမှုရရှိရန် လိုအပ်နေပါသည်။

(၄) ကျေးရွာအတွင်းတွင် လယ်သမားများအတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအစီအစဉ်ရှိသော်လည်း စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ကျေးရွာတွင်း အသေးစားလုပ်ငန်းများအတွက် လုံလောက်မှုမရှိသောကြောင့် ချေးငွေထုတ်ချေးပေးနိုင်မည့် အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးခြင်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးထွက်ကုန်များနှင့် အသေးစားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေပါမည်။

(၅) ကျေးရွာမှာ ရေတာကာအပြင်ဘက်တွင်ရှိသဖြင့် မဟာလျှပ်စစ်ဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် ကြာမြင့်နိုင်သဖြင့် (Mini-Grid)ဆိုလာစနစ်ဖြင့် မီးလင်းနိုင်ရေး သက်ဆိုင်ရာဌာနသို့ ငွေကြေးများကို ကြိုတင်စုဆောင်းထားခြင်း၊ သက်ဆိုင်ရာဌာနသို့ တင်ပြထားခြင်းကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရ

ထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူ၊ကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများ ကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင် ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

## (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

ဥယျာဉ်ကုန်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရ လုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် စပါးသီးနှံ(ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက် လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူအများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ် သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

## (ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်ဆည်း ပေးခြင်း

ဥယျာဉ်ကုန်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုး ထုတ်လုပ် သူများ၏ ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေး ကောင်းမွန်သော ထုတ်ကုန် များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့် (၁၆)မိုင်ခန့်သာ မဝေးလှသောကြောင့် ဟသ်ာတ-ရန်ကုန်ကားလမ်းမှတစ်ဆင့် သွားလာနိုင်ခြင်း၊ သယ်ယူ ပို့ဆောင်ရေး ယာဉ်များရှိခြင်းစသည့်အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ် အဆင့်မှ စိုက်ပျိုးရေး ဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်း လမ်းပြ ဖေးမမှုများကလည်း အရေးပါလှပါ သည်။ ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာ နည်းပညာပေး သင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေး ဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါ သည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများ

အနေဖြင့် အသက်မွေးဝမ်း ကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစားအရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံ သာမကဒေသတွင်း တစ်နိုင်တစ်ပိုင်အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

## (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသောသဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း (၅)နှစ်တာအတွင်း ထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထိုကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်

အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

**(ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း**

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၄င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification) သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ-လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ-ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ-ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

### (၈) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁၀)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ-

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ်ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၁။ ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက်လမ်းခင်းခြင်း | ၁၀၀ | ၁ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အား ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက် ဦးစီးဌာန |
| **အခြေခံ အဆောက်အဦ** | ၂။ ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက်လမ်းခင်းခြင်း | ၉၀ | ၂ | • လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အား ပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက် ဦးစီးဌာန |

| ကဏ္ဍ/ အကြောင်းအရာ | စီမံချက် | ရမှတ် ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| **အခြေခံ အဆောက်အဦ** | ၃။ ရေသန့်တွင်းတူးဖော်ခြင်း | ၈၀ | ၃ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက် ဦးစီးဌာန |
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ အဆောက်အဦ** | ၄။စာကြည့်တိုက်တည်ဆောက်ခြင်း | ၇၀ | ၄ | • အသိပညာရှင်များ၊ နည်းပေးလမ်းညွှန်သူများ၊သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊ | သက်ဆိုင်ရာ ဦးစီးဌာန |
| **အခြေခံ အဆောက်အဦ** | ၅။ ကျေးရွာတွင်း ဆိုလာ(Mini-Grid) စနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ခြင်း၊ | ၅၀ | ၅ | • (Mini-Grid) စနစ်ဖြင့် မီးလင်းရေးဆောင်ရွက်ရန်အတွက် ပြည်သူထည့်ဝင်ငွေစုဆောင်းနိုင်ခြင်း၊<br>• (Mini-Grid) စနစ် တည်ဆောက်ရန်အတွက် မြေနေရာ လှူဒါန်းနိုင်ခြင်း၊<br>• သက်ဆိုင်ရာ ဦးစီးဌာနရှိခြင်း၊ | ကျေးလက် |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်း အခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေး အဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက်လမ်းခင်းခြင်း | ၁ | ✔ | | | | |
| ၂။ | ကျေးရွာတွင်း ကွန်ကရစ်ဘောင် ချောင်းကျောက် လမ်းခင်းခြင်း | ၂ | | ✔ | | | |
| ၃။ | ရေသန့်တွင်း တူးဖော်ခြင်း | ၃ | | | ✔ | | |
| ၄။ | စာကြည့်တိုက် တည်ဆောက်ခြင်း | ၄ | | | | ✔ | |
| ၅။ | လျှပ်စစ်မီးသွယ်တန်းခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင် ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်း များနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံချက်၏ရည်ရွယ်ချက်၊အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီ အစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်း မည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက် များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝ

